ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉၊ အမှတ် ၇ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်ခဲ့ခြင်း






ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ၂၅-၉-၂၀၂၃ ရက်နေ့ နံနက်(၀၉:၅၀)နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံမှာကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် အကောက်ခွန်ဦးစီးဌာနရှိ E-Lock Control Room မှတဆင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းအလို အလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲရှိ Monitoring Room မှ တဆင့် MACCS စနစ်ဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၅-၉-၂၀၂၃ ရက်နေ့ နံနက် (၁၃:၃၀) နာရီ အချိန် အကောက်ခွန် ဦးစီးဌာနမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

# ကုန်သေတ္တာ (Container)/ အလုံပိတ်ယာဉ် (Box Truck) များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System (E-Lock) လုပ်ငန်းစတင်ခြင်း အခမ်းအနား







(၁၉-၉-၂၀၂၃) ရက်နေ့ နံနက် (၀၈:၃၀)အချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ မြဝတီကုန်သွယ်ရေးဇုန်သို့ ကုန်သေတ္တာ (Container)/ အလုံပိတ်ယာဉ် (Box Truck) ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System (E-Lock) တပ်ဆင်၍ လုပ်ငန်းစတင်ခြင်း အခမ်းအနားကို သီလဝါအထူးစီးပွားရေးဇုန်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့၌ တစ်ပြိုင်နက် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အခမ်းအနားသို့ သီလဝါအထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သီလဝါအထူးစီးပွားရေးဇုန်မှ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်သူများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းမှတာဝန်ရှိသူများ၊ ကုန်သေတ္တာယာဉ်အသင်းမှ တာဝန်ရှိသူများ၊ ရွှာသာကြီး ကုန်းတွင်းဆိပ်ကမ်းများမှ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၊ တာမိုးညဲ ချမ်းသာကုမ္ပဏီလုပ်ငန်းစုအသင်းမှ တာဝန်ရှိသူများ၊ တိုင်း/ခရိုင်အဆင့်ဌာနဆိုင်ရာ အထူးဖိတ်ကြားထားသူများ စုစုပေါင်းအင်အား (၂၃၀)ခန့် တက်ရောက်ခဲ့ပါသည်။

# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ သြဝါဒအမှာစကား ပြောကြားခြင်း






၂၀၂၃ ခုနှစ် ဇူလိုင်လ နှင့် ဩဂုတ်လ အတွက် ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟာခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒအမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများ နှင့် အမှုထမ်း စုစုပေါင်း (၁၇၄) ဦး တက်ရောက်ခဲ့ကြပါသည်။

# စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု

## (4th Time Release Study- 4th TRS)






မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုအား ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှု အသိုင်းအဝိုင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ (OGAs) များ (၁၃) ခု၊ ပုဂ္ဂလိကကဏ္ဍများ(Private Sectors) (၇) ခုတို့နှင့် စစ်တမ်းကောက်ယူမှု မေးခွန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း အတည်ပြုသည့် အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာနမှ ဦးစီး၍ ၂၉-၉-၂၀၂၃ ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင်တို့မှ ယခင်ဆောင်ရွက်ခဲ့သောကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် ယခုစတုတ္ထအကြိမ် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စစ်တမ်းကောက်ယူသွားမည့် မေးခွန်း (မူကြမ်း) နှင့် လမ်းညွှန်ချက် (မူကြမ်း) များအပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ ဌာနဆိုင်ရာများမှ အကြံပြုတင်ပြခြင်း၊ ဆွေးနွေးဖလှယ်ခြင်းနှင့် မေးခွန်းများအပေါ် အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ စတုတ္ထအကြိမ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှု စစ်တမ်းကောက်ယူခြင်းအား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် အေးရှားဝေါလ်ဆိပ်ကမ်းနှင့် လေဆိပ်ကုန်လှောင်ရုံ(ရန်ကုန်) တို့၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှု မှာ (၄၅၁) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



(၁၈-၉-၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. 100258511030 (15.9.2023)၊ ကုန်သေတ္တာအမှတ်၊ FBLU0197567, SITU9032310, SITU9148228, TCKU6656872, TGBU7038934 (5X40’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့ (Suspect) အရ အထူးအဖွဲ့နှင့် (ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ) တို့ပါဝင်သော အဖွဲ့စုံဖြင့်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော (B/N Solar Mounted Structure) (C/O–CHINA) (58000 KG) ခန့်မှန်းတန်ဖိုး ကျပ် (၂၈၁,၃၅၈,၀၀၀/-) (ကျပ်နှစ်ထောင့်ရှစ်ရာတစ်ဆယ့်သုံးသိန်းငါးသောင်းရှစ်ထောင်တိတိ) ခန့်အား အမှုတွဲအမှတ် ၁-ရာ/ကသတ (AWPT) ၂၀၂၃(၁၆၇) (၁၉-၉-၂၀၂၃) ဖြင့် အမှုတွဲ ဖွင့်လှစ်ခဲ့သောအမှု ဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



(၅-၉-၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. 1002557081520 (5-9-2023)၊ ကုန်သေတ္တာအမှတ်၊ MEDU–7228593,MSDU-8801860, MSDU-6162755, TCLU-9877236, FFAU-2181826 (5x40’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား ကာကွယ်ရေးဌာနခွဲ၏ (Suspect) အရ ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ တင်သွင်းလာသော (Brand New Personal Goods Baby Diaper) (Type-B) (Brand-Har Har Baby) (C/O -China) (S) (1x10x20) (1821-Pkg) (8194.5-Kg) အပါအဝင် ကုန်ပစ္စည်း (၅) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၁၄,၀၈၅,၉၂၇/-) (ကျပ်တစ်ထောင်တစ်ရာ့လေးဆယ်သိန်းရှစ်သောင်းငါးထောင်ကိုးရာနှစ်ဆယ့်ခုနစ်တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ကက/ကင်း(အထူး)/၂၀၂၃(၀၀၄)(၆-၉-၂၀၂၃) ဖြင့် အမှုတွဲဖွင့်လှစ်ခဲ့သောအမှု ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




(၃-၉-၂၀၂၃) ရက်နေ့ (၁၀း၀၀) အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ မူဆယ်-မန္တလေး ကားလမ်း၊ မိုင်တိုင်အမှတ် (၂၁)မိုင် (၅) ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (3I/2870)(22W) ယာဉ်အား စစ်ဆေးရာ အကောက်ခွန်မဲ့ ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ် ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (Aluminium Coated Packing Material) (1x12Kg) (2500Pkgs) (C/O-China) (30000) Kg ခန့်မှန်းတန်ဖိုးကျပ် (၁၀၇,၁၀၀,၀၀၀/-) (ကျပ်တစ်ထောင့်ခုနစ်ဆယ့်တစ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ (တမလ)/၂၀၂၃(၀၆၇) (၄.၉.၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (3I/2870) (22W) (Brand-CHENG LONG) (TRACTOR HEAD) (Model-2014) (C/O-China) (1-U) နှင့် နောက်တွဲယာဉ်အမှတ်၊ (TLR/7452) (Semi Trailer) (1-U) စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၆,၀၀၀,၀၀၀/-) (ကျပ် ခြောက်ရာ့ခြောက်ဆယ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ(တမလ)/၂၀၂၃(၀၆၇-က) (၄.၉.၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






(၂၀-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ မူဆယ်-မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ် (၂၃)မိုင် (၄) ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်အမှတ် (3D/9145) (22W) အား တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (PVC Film) (1x20kgx48Pkgs) (C/O-China) (960 Kg) အပါအဝင်ကုန်ပစ္စည်း(၁၃)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃၅,၁၂၅,၇ ၀၀/-) (ကျပ်သုံးရာငါးဆယ်တစ်သိန်းနှစ်သောင်းငါးထောင့်ခုနှစ်ရာတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ(တမလ)/၂၀၂၃(၀၈၃) (၂၁.၉.၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (3D/9145) (BEIBEN) (Model-2011) (TRACTOR HEAD) (C/O-China) (1-U) နှင့်နောက်တွဲယာဉ် အမှတ် (TLR/3195) (Brand-Dong Feng) (Semi Trailer) (1-U) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၆,၀၀၀,၀၀၀/-) (ကျပ်ခြောက်ရာ့ခြောက်ဆယ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ(တမ လ)/၂၀၂၃(၀၈၃-က) (၂၁.၉.၂၀၂၃) ဖြင့်လည်းကောင်း၊ (High Speed Diesel Engine) (1070KW), (Model:QN32H1280) (Rated Speed: 1500 r/min) (Rating: 1950) (Max Alt: 2000m) (C/O-China) (2U) ခန့်မှန်းတန်ဖိုး ကျပ် (၅၀၀,၀၀၀,၀၀၀/-) (ကျပ်ငါးထောင်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ(တမလ)/၂၀၂၃(၀၈၃-ခ) (၂၁.၉.၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



(၁၀-၉-၂၀၂၃) ရက်နေ့ (၁၇:၂၀) အချိန်ခန့်တွင် အကောက်ခွန်ဦးစီးဌာန၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းလှုပ်ရှားစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ် (၉၃) မိုင် (၃) ဖာလုံအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်အမှတ် (8G-6185) (12W) ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ မောင်းနှင်ယူဆောင်လာခဲ့ပြီး အထောက်အထား စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် (ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြတ်စအပိုင်းအစများ) (အရွယ်စုံ၊ ဆိုဒ်စုံ) (5500 Kg) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၁၀,၀၀၀,၀၀၀/-) (ကျပ် တစ်ထောင်တစ်ရာသိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မမ(မရခ)/၂၀၂၃ (၂၁၄) (၁၁-၉-၂၀၂၃) ဖြင့်လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (8G-6185) (12W) (Brand-CHARM TRUCK) (Model-2009) (C/O-I-Zone) (1U) ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀၀/-) (ကျပ် နှစ်ရာငါးဆယ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မမ(မရခ)/၂၀၂၃ (၂၁၄-က) (၁၁-၉-၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၆၇.၅၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



(၉-၈-၂၀၂၃) ရက်နေ့ (၁၁:၄၅) အချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် တာမွေမြို့နယ်အတွင်း ဘောထုပ်ရောင်းဝယ်ရေးဆိုင်များသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရွှေစနေဘောထုပ်ရောင်းဝယ်ရေးဆိုင်မှ (စက်မှုကုန်ကြမ်းဘောထုပ်) (၁၃၆-ထုပ်) ခန့်မှန်းတန်ဖိုး ကျပ် (၂၅,၇၅၀,၀၀၀/-) (ကျပ်နှစ်ရာငါးဆယ့်ခုနစ်သိန်းငါးသောင်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက (တရက)/၂၀၂၃ (၀၁၅) (၁၂-၉-၂၀၂၃) ဖြင့်လည်းကောင်း၊ 99 ဘောထုပ်ရောင်းဝယ်ရေးဆိုင်မှ (စက်မှုကုန်ကြမ်းဘောထုပ်) (၃၀၅-ထုပ်) ခန့်မှန်းတန်ဖိုး ကျပ် (၄၃,၆၀၀,၀၀၀/-) (ကျပ်လေးရာသုံးဆယ့်ခြောက်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက (တရက)/၂၀၂၃ (၀၁၆) (၁၂-၉-၂၀၂၃) ဖြင့်လည်းကောင်း၊ မသန်းရွှေဘောထုပ်ရောင်းဝယ်ရေးဆိုင်မှ (စက်မှုကုန်ကြမ်းဘောထုပ်) (၈၄၃-ထုပ်) ခန့်မှန်းတန်ဖိုး ကျပ် (၁၆၂,၇၅၀,၀၀၀/-) (ကျပ်တစ်ထောင့်ခြောက်ရာနှစ်ဆယ့်ခုနစ်သိန်းငါးသောင်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက (တရက)/၂၀၂၃ (၀၁၇) (၁၂-၉-၂၀၂၃) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။